မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 25, 2022 Volume 50, Number 16

၂၅.၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၄၂ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၈၁၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၀.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၉၇.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၉.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၈၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရွှေဈေးတက်ချိန် ဝယ်ယူလိုသူထက် ရောင်းလိုအားများနေပြီး လာမည့်လများတွင်လည်း အတက်ဈေး၌တည်ရှိနိုင်




ယခုရက်ပိုင်းအတွင်း ပြည်တွင်းရွှေဈေးက တဟုန်ထိုးမြင့်တက်လာခဲ့ပြီးနောက် ရွှေဝယ်ယူစုဆောင်းလိုသူထက် ပြည်လည်ရောင်းချမှုများနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

နေ့စဉ် ရွှေပိဿာချိန် ၅၀ ခန့် အရောင်းအဝယ်ဖြစ်နေပေမယ့် ဈေးအပြောင်းအလဲကြောင့် မကြာမီရက်ပိုင်းတွေကစတင်ပြီး ရောင်းချလိုသူအရေအတွက်များလာခဲ့ခြင်းဖြစ်တယ်လို့ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း–YGEA တာဝန်ရှိသူက ပြောပါတယ်။

ရွှေဆိုင်တွေက အရင်ကအရောင်းအဝယ်နဲ့မတူပဲ အခုတလောမှာ ရောင်းတာထက် ရွှေပိဿာ ၅၀ လောက် ဝယ်နေကြတယ်လို့ဆိုပါတယ်။ လက်ရှိ ကမ္ဘာ့ရွှေဈေး တစ်အောင်စက အမေရိကန်ဒေါ်လာ ၁၈၄၁ ရှိပြီး ကန်ဒေါ်လာလဲလှယ်နှုန်းကလည်း ပြင်ပဈေးကွက်မှာ ၁၉၉၀ ကျပ်ခန့် ရှိနေပါတယ်။

ဒါ့ကြောင့် ပြည်တွင်းအခေါက်ရွှေ တစ်ကျပ်သားဈေးက ယနေ့ ဈေးကွက်ပိတ်ချိန်မှာ ကျပ် ၁၈၈၅၀၀၀ အထိ ရောက်ရှိလာခဲ့ပြီး နောက်လတွေမှာလည်း ဈေးအတက်မှာပဲ ရှိနေနိုင်တယ်လို့ သုံးသပ်ထားပါတယ်။

ကမ္ဘာ့ရွှေဈေးကျလာပြီး ကျပ်ငွေတန်ဖိုးမြင့်တက်လာကာ ပြည်တွင်းရွှေဈေးကျဆင်းသွားနိုင်တယ်လို့ သူကဆိုပါတယ်။

Source: BETV Business

## ယခုနှစ်အတွင်း မြန်မာ့မတ်ပဲ တန်ချိန် ၆.၇၅ သိန်း ထွက်နိုင်ချေရှိဟု အိန္ဒိယနိုင်ငံဘက်ကခန့်မှန်း၊ ဝယ်လိုအားရှိသော်လည်း အထွက်နှုန်းနည်းပါးနိုင်ဟုဆို




ယခု ၂၀၂၂ နှစ်အတွင်း မြန်မာ့မတ်ပဲ မက်ထရစ်တန်ချိန် ၆.၇၅ သန်း ထွက်ရှိနိုင်ချေရှိတယ်လို့ အိန္ဒိယထိပ်တန်း ဈေးကွက်သုတေသန ကုမ္ပဏီဖြစ်တဲ့ IGRAIN India က ခန့်မှန်းထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်က မတ်ပဲတန်ချိန် ၆.၂၅ သိန်း ထွက်နိုင်တယ်လို့ ခန့်မှန်းခဲ့ပြီး မတ်ပဲထွက်ရှိနှုန်းထက်ပိုမိုတဲ့ မက်ထရစ်တန်ချိန် ၆.၉၅ သိန်း တင်ပို့နိုင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။

လက်ရှိမှာ အိန္ဒိယနိုင်ငံက ၅ နှစ်ဆက်တိုက် မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် ၂ သိန်းခွဲနဲ့ ပဲစင်းငုံတန်ချိန် ၁ သိန်းဝယ်ယူဖို့ နှစ်ဖက် အစိုးရကြား နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးထားပါတယ်။ ဒါ့အပြင် အိန္ဒိယအစိုးရက မတ်ပဲအပါအဝင် ပဲစင်းငုံနဲ့ ပဲတီစိမ်းတို့အတွက် လွတ်လပ်စွာတင်သွင်းခွင့်မူဝါဒကို သက်တမ်းတိုးထားပေမယ့် ဈေးကွက်လိုအပ်ချက်အတိုင်း လုံလောက်စွာ မရနိုင်တာကြောင့် ပဲဈေးနှုန်း တဟုန်းထိုး မြင့်တက်လာနိုင်တယ်လို့ ဈေးကွက်စောင့်ကြည့်သူတွေက ပြောကြပါတယ်။

ပြည်တွင်း မတ်ပဲဈေးကလည်း MOU အပြင် တင်သွင်းခွင့်မူဝါဒကို မတ်လကုန်အထိ တိုးမြှင့်ပေးထားတာကြောင့် ဈေးမြင့်တက်နေပြီး မတ်ပဲတစ်တန်ပေါက်ဈေး ကျပ် ၁,၃၆၀,၀၀၀ အထိ ရောက်ရှိနေကာ လဆန်းပိုင်းကပေါက်ဈေးထက် ကျပ် ၇ သောင်းခွဲခန့် မြင့်တက်လာခဲ့ပါတယ်။


အိန္ဒိယအစိုးရဘက်က မတ်ပဲတန်ချိန် ၅ သိန်းနဲ့ ပဲစင်းငုံတန်ချိန် ၂ သိန်းအထိ ခွဲတမ်းမတိုးဘူးဆိုရင် မြန်မာ့ပဲစိုက်တောင်သူတွေအနေနဲ့ ဈေးကွက်ဝယ်လိုအားရှိတဲ့ အခြားသီးနှံတွေကို ပြောင်းလဲစိုက်ပျိုးသွားနိုင်တယ်လို့ ဆိုထားပါတယ်။ စားသုံးသူရေးရာဦးစီးဌာနရဲ့ တာဝန်ရှိသူက လွန်ခဲ့တဲ့ ၂ နှစ်အတွင်း အိန္ဒိယနိုင်ငံကို မတ်ပဲ ၆၉ ရာခိုင်နှုန်းနဲ့ ပဲစင်းငုံ ၉၈ ရာခိုင်နှုန်းအထိ ပံ့ပိုးပေးခဲ့တယ်လို့ ပြောပါတယ်။

မြန်မာနိုင်ငံရဲ့ ပဲစင်းငုံတင်ပို့မှုက နီပေါ၊ ယူအေအီးနဲ့ အခြားနိုင်ငံတွေကို တင်ပို့ရောင်းချနေပေမယ့် အရေအတွက်အနည်းငယ်သာရှိတာကြောင့် အိန္ဒိယဈေးကွက်ကို အဓိကမှီခိုနေရပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်မှာ မြန်မာ့ပဲမျိုးစုံတင်ပို့မှု သမိုင်းအတွင်း အမြင့်ဆုံးဖြစ်တဲ့ တန်ချိန် ၂ သန်းကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁.၅၇ ဘီလီယံအထိရရှိခဲ့ပြီး အများစုကိုတော့ မြန်မာပဲတင်ပို့မှုရဲ့ အဓိကဈေးကွက်ဖြစ်တဲ့ အိန္ဒိယကိုတင်ပို့ခဲ့ပါတယ်။

လက်ရှိ အောက်တိုဘာ ၁ ရက်မှ စတင်တဲ့ မီနီဘတ်ဂျက်အတွင်း ဒီဇင်ဘာ ၁၇ ရက်အထိ ပဲတန်ချိန် ၃ သိန်းခန့် တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၂၄၀ ကျော် ရရှိထားတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ စာရင်းမှာဖော်ပြထား ပါတယ်။

Source: BETV Business

## RCEP ကို အတည်ပြုလက်မှတ်ရေးထိုးရန် ဆီးနိတ်အား ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးအကြီးအကဲတိုက်တွန်း




https://xinhuamyanmar.com/mm-en/rcep-%e1%80%80%e1%80%ad%e1%80%af-%e1%80%a1%e1%80%90%e1%80%8a%e1%80%ba%e1%80%95%e1%80%bc%e1%80%af

ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနက နိုင်ငံအနေဖြင့် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်ဖြစ်သော ဒေသတွင်း ဘက်စုံစီးပွားရေးမိတ်ဖက်ဆက်ဆံမှု (RCEP) အား အလျင်အမြန် အတည်ပြုလက်မှတ်ရေးထိုးရန် ဆီးနိတ်အား ဇန်နဝါရီ ၂၄ ရက်က တိုက်တွန်းခဲ့ကြောင်း သိရသည်။ ဂလိုဘယ်လိုက်ဖေးရှင်းနှင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များအရ ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ စုပေါင်းရရှိမှုပို အလေးထားသည့် ကုန်သွယ်ရေးသဘော

တူညီချက်ကြီးကို အတည်ပြုလက်မှတ်ရေးထိုးရန် ဆက်လက်နှောင့်နှေးနေမည်ဆိုပါက စီးပွားရေးအပေါ် မကောင်းသော သက်ရောက်မှုရှိနိုင်မည်ဟု ကုန်သွယ်ရေးဝန်ကြီး Ramon Lopez က သတိပေးခဲ့သည်။

"RCEP ကို မချိတ်ခြင်း ဒါမှမဟုတ် ပါဝင်ဖို့ နှောင့်နှေးခြင်းတွေက ဒီအရှိန်အဟုန်ကို အနှောင့်အယှက်ဖြစ်စေပါလိမ့်မယ်။ အဲဒီမှာ ပါဝင်ခြင်းမရှိတာကြောင့် ရင်းနှီးမြှုပ်နှံမှုတွေဟာ နိုင်ငံကနေ ရှောင်ရှားသွားကြလိမ့်မယ်" ဟု Lopez က ဆိုသည်။ RCEP သည် ဖိလစ်ပိုင်နိုင်ငံက ကမ္ဘာ့လုံးဆိုင်ရာ ကွင်းဆက်များတွင်ပါဝင်ခြင်းနှင့် စီးပွားရေးအား ထိထိရောက်ရောက် မြှင့်တင်ခြင်း အတွက် ပံ့ပိုးသွားမည်ဖြစ်ကြောင်း ၎င်းက ဥပဒေပြုလွှတ်တော်အားပြောခဲ့သည်။ "ဒါက ရိုးရိုးကုန်သွယ်ရေးသဘောတူညီချက် မဟုတ်ပါဘူး။ ဈေးကွက်ရရှိရေးနဲ့ တည်ငြိမ်တဲ့စီးပွားရေးပတ်ဝန်းကျင်ကို မြှင့်တင်ပေးပါတယ်။ ဒေသတွင်းရဲ့ စီးပွားရေး အကျိုးအမြတ် ရှိမှုကို အသုံးဝင်စေရန် မဟာဗျူဟာမြောက် ကိရိယာလည်း ဖြစ်ပါတယ်" ဟု Lopez က ပြောခဲ့သည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများက RCEP အတွင်း နိုင်ငံအတွင်းမှ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ယှဉ်ပြိုင်သူများအဖြစ် ပြောင်းလဲပေးသဖြင့် သဘောတူညီချက်အား အတည်ပြုလက်မှတ်ရေးထိုးရန် နှောင့်နှေးခြင်းသည် အလုပ်အကိုင် ဖန်တီးခြင်းနှင့် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ခြင်းကိုလည်း ထိခိုက်စေမည်ဖြစ်ကြောင်း ကုန်သွယ်ရေးအကြီးအကဲက သတိပေး ခဲ့ခြင်းဖြစ်သည်။ "RCEP က ကျွန်တော်တို့ စီးပွားရေးရဲ့အနာဂတ်အတွက် အမှန်တကယ်လိုပါတယ်။ ကျွန်တော်တို့အနေနဲ့ တိုးတက်မှု အရှိန်အဟုန်ကို ထိန်းထားပြီး ဖိလစ်ပိုင်နိုင်ငံက အမှန်တကယ်ကို ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုကို ဖွင့်လှစ်ထားတဲ့ ပေါ်ထွန်းစ စီးပွားရေးဖြစ်တယ်ဆိုတာ နိုင်ငံတကာအသိုင်းအဝိုင်းကို ပြသရမှာဖြစ်ပါတယ်" ဟု Lopez ကဆိုသည်။

ဖိလစ်ပိုင်နိုင်ငံသည် ဇန်နဝါရီ ၁ ရက်က လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် အသက်မဝင်လာမီ ယမန်နှစ် ဒီဇင်ဘာလက RCEP သဘောတူညီချက်အား အတည်ပြုလက်မှတ်ရေးထိုးရန် မအောင်မမြင်ဖြစ်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ သမ္မတ ရိုဒရီဂို ဒူတာတေးက ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် RCEP အား အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး သဘောတူညီမှုရယူရန် အတွက် အထက်လွှတ်တော်သို့ ပို့ဆောင်ခဲ့သည်။

RCEP အား အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအပြင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများက ဆောင်ရွက်ထားခြင်းဖြစ်ပြီး ကမ္ဘာ့လူဦးရေနှင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့် လွှမ်းခြုံထား ကြောင်း သိရသည်။ (Xinhua)

**Source:** https://xinhuamyanmar.com/mm-en/rcep-%e1%80%80%e1%80%ad%e1%80%af-%e1%80%a1%e 1%80%90%e1%80%8a%e1%80%ba%e1%80%95%e1%80%bc%e1%80%af

## လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့်ဖော်ဆောင်သည့် စီမံကိန်းသင်တန်းဖွင့်လှစ်



https://xinhuamyanmar.com/news/%e1%80%9c%e1%80%94%e1%80%ba%e1%80%81%
%e1%80%94%e1%80%ba%e1%80%b8-

လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဖော်ဆောင်သည့် "မဲခေါင်ဒေသဆန်းသစ်တီထွင်သောဝါးထုတ်ကုန်ပစ္စည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အွန်လိုင်းလေ့ကျင့်မှု" စီမံကိန်းသင်တန်းဖွင့်လှစ်သည့် အခမ်းအနားကို ရန်ကုန်မြို့၌ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးက ယနေ့ ဇန်နဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ယခုအကြိမ်လေ့ကျင့်မှုသင်တန်းသည် ၅ ရက်တာ သင်တန်းဖြစ်ကာ မြန်မာ၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားမှ သင်တန်းသား/သူပေါင်း ၃၈ ဦးတက်ရောက်ကြကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံး သံမှူးကြီး Ms. Li Xiaoyan က ယခု အကြိမ်လေ့ကျင့်မှုသည် ၂၀၁၉ ခုနှစ်တွင် "လန်ချန်း-မဲခေါင်နိုင်ငံများ ဝါးအသုံးပြုမှု၊ ဈေးကွက်အလားအလာနှင့် ဝါးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ" ကျင်းပပြီးနောက် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် မြန်မာနိုင်ငံက ဖော်ဆောင်သည့် ဝါးအသုံးပြုမှုဆိုင်ရာစီမံကိန်းနောက်တစ်ခုဖြစ်ကာ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုယန္တရား၏ ဒေသနှင့် ကိုက်ညီခြင်း၊ ပြည်သူ့လူနေမှုဘဝအကျိုးပြုခြင်းထူးခြားချက်များကို အပြည့်အဝထင်ဟပ်စေကြောင်း၊ စိမ်းလန်းစိုပြည်သော

တောတောင်ရေမြေသည် ရွှေတောင်ငွေတောင်ဖြစ်သည်ဟု သမ္မတ Mr. Xi Jinping ကပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံက ဝါးအား မြေယာပြုပြင်ရေးအစီအစဉ်တွင် ထည့်သွင်းထားပြီးဖြစ်ကာ ဝါးစိုက်ပျိုးရေးနှင့်လုပ်ငန်းဥယျာဉ် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟုသိရသည်။ တရုတ်နိုင်ငံက မဲခေါင်မြစ်ဒေသနိုင်ငံအသီးသီးနှင့်အတူ ဝါးလုပ်ငန်းစဉ်ဆက်ပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွေ့အကြုံ၊ ခေတ်မီ၍လက်တွေ့အသုံးဝင်သည့် ဝါးအသုံးပြုမှုနည်းပညာနှင့် တရုတ်နိုင်ငံ၏ကြီးမားသော ဝါးထုတ်ကုန်ဈေးကွက်ကိုမျှဝေလိုပြီး လန်ချန်း-မဲခေါင်ဒေသ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ပြည်သူလူနေမှုဘဝကောင်းမွန်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေးတို့ကို အတူတကွမြှင့်တင်သွားလိုကြောင်း သံမှူးကြီး Ms. Li Xiaoyan က ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လန်ချန်း-မဲခေါင်ပူးပေါင်း ဆောင်ရွက်မှုစီမံကိန်းအတွက် တရုတ်နိုင်ငံက ရင်းနှီးငွေထောက်ပံ့မှုကို ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံပထဝီတည်နေရာနှင့်ရာသီဥတုအခြေအနေသည် ဝါးပင်ပေါက်ရောက်ရန်သင့်တော်ပြီး ဝါးလုပ်ငန်းအလားအလာကောင်းမွန်ကြောင်း၊ သို့သော် High Value added ဝါးကုန်ပစ္စည်းများ ထုတ်လုပ်မှုအပိုင်းသည် အားနည်းချက်ဖြစ်နေသေးကြောင်း၊ ယခုအကြိမ်လေ့ကျင့်မှုကတစ်ဆင့် တရုတ်နိုင်ငံ၏ခေတ်မီသော ဝါးအချောကိုင်နည်းပညာနှင့် ဆန်းသစ်တီထွင်သောဝါးထုတ်ကုန်ပစ္စည်း ထုတ်လုပ်ရေးနည်းပညာကို သင်ယူနိုင်ပြီး မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဝင်မှုနှင့် နိုင်ငံတော်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ကူညီတွန်းအားပေးနိုင်ရန်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က တက်ရောက်အမှာစကားပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဝါးနှင့်ကြိမ်ကွန်ယက်အဖွဲ့ (INBAR) အကြီးအကဲ Ali Mchumo က အွန်လိုင်းမှာအမှာစကားပြောကြားခဲ့ကာ မြန်မာနိုင်ငံအခြေစိုက် မဲခေါင်မြစ်ဒေသနိုင်ငံမှ သံတမန် သို့မဟုတ် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**Source:** https://xinhuamyanmar.com/news/%e1%80%9c%e1%80%94%e1%80%ba%e1% 80%81% e1%80% bb% e1%80%94%e1%80%ba%e1%80%b8-

## ကမ္ဘာ့ပထမဆုံး မြန်နှုန်းမြင့် Wifi 7 နည်းပညာ စမ်းသပ်အောင်မြင်




Photo: http://sdtimedaily.com/

ကမ္ဘာ့ပထမဆုံး Wifi 7 နည်းပညာကို MediaTek ကုမ္ပဏီက အောင်မြင်စွာ စမ်းသပ်သရုပ်ပြခဲ့ပြီး လာမယ့်နှစ်ထဲမှာ အဲဒီ Wifi 7 နည်းပညာထုတ်ကုန်တွေကို ဈေးကွက်မှာရောင်းချဖို့ မျှော်လင့်ထားတယ်လို့ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

Wifi 7 ဟာ ရှိနှင့်ပြီးသား Wifi 6 ကို ထပ်မံအဆင့်မြှင့်တင်ထားတာ ဖြစ်ပြီး Wifi 6 ထက် ဒေတာလွှဲပြောင်းရယူမှု ၂ ဒသမ ၄ ဆ ပိုမိုမြန်ဆန်ကာ အနိမ့်ဆုံး 30GBPS နဲ့ အမြင့်ဆုံး 40GBPS ထိရရှိနိုင်မယ်လို့ဆိုပါတယ်။ ဒါကြောင့် Wifi 7 နည်းပညာဟာ 8K Video Streaming ၊ VR နည်းပညာနဲ့ Cloud Computing တို့လို လုပ်ငန်းစဉ်တွေအတွက် များစွာ အသုံးဝင်လာဖွယ်ရှိပါတယ်။

MediaTek ဟာ Wifi 7 နည်းပညာကို အဓိကဖောက်သည်တွေနဲ့ လက်တွဲဖော်ကုမ္ပဏီတွေကို စမ်းသပ်သရုပ်ပြခဲ့တာဖြစ်ပြီး သရုပ်ပြမှုရဲ့ အဓိကရည်ရွယ်ချက်ကတော့ Wifi 7 နည်းပညာရဲ့ အလွန်မြန်တဲ့နှုန်းကို ပြသလိုတာကြောင့်လို့ ဆိုပါတယ်။ လက်ရှိမှာတော့ Wifi 7 နည်းပညာကို MediaTek က ကမ္ဘာ့ပထမဆုံးအဖြစ် သရုပ်ပြစမ်းသပ်ပြခဲ့တာဖြစ်ပြီး အခြားနည်းပညာကုမ္ပဏီကြီးတွေဖြစ်တဲ့ Intel နဲ့ Qualcomm တို့ကလည်း Wifi 7 နည်းပညာနဲ့ ပတ်သက်ပြီး စမ်းသပ်မှုတွေပြုလုပ်နေကြပါတယ်။

**Source:** http://sdtimedaily.com/

## မြန်မာ-တရုတ်နယ်စပ် လွယ်ဂျယ်-လိုင်းရင်းဂိတ်တွင် တရုတ်နိုင်ငံဘက်မှ ကုန်အဝင်အထွက် စိစစ်မှုကြန့်ကြာသဖြင့် မြန်မာနိုင်ငံ၌ ငှက်ပျောစိုက်နေသည့် တရုတ်လုပ်ငန်းရှင်များက တရုတ်အစိုးရကို ဆန္ဒပြ



Photo: https://news-eleven.com/article/224515?fbclid=IwAR0-WK8as7eellk0Eeeoc61P4eRDtEpCzeir-NTkDEf2ZxyVDC_GOtlKXXE

မြန်မာ-တရုတ်နယ်စပ် ကချင်ပြည်နယ် လွယ်ဂျယ်နှင့်တရုတ် လိုင်းရင်းနယ်စပ်ဂိတ်တွင် တရုတ်နိုင်ငံဘက်မှ ကုန်အဝင်အထွက် စိစစ်မှုကြန့်ကြာသဖြင့် မြန်မာနိုင်ငံ၌ ငှက်ပျောစိုက်နေသည့် လုပ်ငန်းရှင်များက တရုတ် အစိုးရကို ဆန္ဒပြခဲ့ကြောင်း တစ်ရှူးငှက်ပျော ပို့ဆောင်နေသည့် လုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကျန်းဖုန်းမြို့တွင် ဇန်နဝါရီ ၂၃ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တစ်ရှူးငှက်ပျောပို့ဆောင်နေသည့် ကားလုပ်ငန်းရှင်များက ပြောကြားသည်။

လက်ရှိတွင် လွယ်ဂျယ်-လိုင်းရင်း နယ်စပ်ဂိတ်မှ တစ်ရက်လျှင် ငှက်ပျောကား ၁၀ စီးနှင့် ကြံကား ၁၅ စီးခန့်ကုန်သွယ်နေပြီး တစ်ရှူးငှက်ပျောသယ် ကားအဝင်မှာ တစ်ရက်လျှင် အစီးရေ ၅၀ ဝန်းကျင်ရှိနေသဖြင့် ရာနှင့်ချီသည့် တစ်ရှူးငှက်ပျော သယ်ကားများ ပိတ်မိနေကြောင်း သိရသည်။

ကားလုပ်ငန်းရှင်တစ်ဦးက "ကြံကြတော့ တရုတ်ပြည်နယ်နယ်စပ်ဂိတ်ကျော်တာနဲ့ စက်ရုံထဲတန်းရောက်တယ်။ လူတွေနဲ့ ထိတွေ့မှု နည်းတယ်။ အတင်အချကြတော့ ငှက်ပျောထက်လွယ်တယ်။ ငှက်ပျောက နိုင်ငံတကာသွားရတော့ စိစစ်မှုများတယ်။ ဒီက ဂိတ်ဖြတ်ပြီး တရုတ်နိုင်ငံကားကွင်းထဲမှာ နှစ်ရက်စောင့်ရတယ်။ စောင့်ရတဲ့ရက်ကြာတော့ ငှက်ပျောတွေမှည့်ကုန်တယ်။ ဆုံးရှုံးမှုများတော့ မြန်မာနိုင်ငံမှာ လာရင်းနှီးပြီး ငှက်ပျောစိုက်တဲ့ တရုတ်တွေက သူတို့ပြည်နယ်အစိုးရကို တောင်းဆိုတယ်လို့ သိရတယ်။ ကျွန်တော့်အမြင်ကတော့ တရုတ်က ကိုဗစ်ကာကွယ်ရေးကိုလုပ်တယ်။ ပြည်ပပို့ကုန်တွေကို စနစ်တကျစစ်ဆေးမှုတွေ လုပ်တော့ကြာတယ်။ တဖြည်းဖြည်းလုပ်ရင်းနဲ့ ဒီလကုန်လောက်မှ ပြင်ရင်းနဲ့ပုံမှန်ဖြစ်မယ်ထင်ပါတယ်"ဟု ပြောကြားသည်။

တစ်ရှူးငှက်ပျောစိုက်သည့် တရုတ် လုပ်ငန်းရှင်အများစုသည် နှစ်နှစ်ဆက်တိုက် အရှုံးပေါ်ခဲ့ပြီးသည့်နောက် တရုတ်အစိုးရထံ ချေးငွေများ ပြန်မဆပ်နိုင်သည့် အခြေအနေများသို့ရောက်ရှိခဲ့ပြီး လက်ရှိငှက်ပျောရာသီတွင် အရင်းငွေပြန်မရပါက လုပ်ငန်းများ ရပ်နားထားရမည့် အခြေအနေဖြစ်ကြောင်း သီးနှံလုပ်ငန်းရှင်းများအသင်းကအသင်းဝင် တစ်ဦးကပြောကြားသည်။ လွယ်ဂျယ်-လိုင်းရင်းနယ်စပ်ဂိတ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး လွန်ခဲ့သည့် ၂၀၂၁ ခုနှစ် ဇူလိုင် ၁၁ ရက်မှ စတင်ပိတ်ထားခဲ့သည်မှာ ခြောက်လကျော် ကြာမြင့်ခဲ့သည်။

လက်ရှိတွင် ကန်ပိုက်တည်နယ်စပ်ဂိတ်ကို ဒီဇင်ဘာလလယ်ပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့သော်လည်း ကိုဗစ်ကပ်ဘေး ကာကွယ်မှု၊ စစ်ဆေးမှုနှင့် ကုန်စည်စစ်ဆေးမှုများကြောင့် တစ်ရက်လျှင် အစီးရေဆယ်ဂဏန်းသာ ကုန်သွယ်မှုပြုနိုင် သေးကြောင်း သိရသည်။ လွယ်ဂျယ်-လိုင်းရင်းနယ်စပ်ဂိတ်ကို အချိန်မီမဖွင့်နိုင်သဖြင့် တစ်ရှူးငှက်ပျောများစွာ စွန့်ပစ်ခဲ့ရကြောင်းလည်း သိရသည်။ လွယ်ဂျယ်နယ်စပ်ဂိတ်မှ လွန်ခဲ့သည့် သုံးနှစ်ကျော်က တစ်ရှူးငှက်ပျောကားများ အစီးရေသုံးထောင်ကျော်မှ ငါးထောင်ကျော်အထိ ကုန်သွယ်မှုပြုခဲ့ကြောင်းသိရသည်။

လက်ရှိတွင် ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံမှ လာရောက်စိုက်ပျိုးသည့် တစ်ရှူးငှက်ပျောလုပ်ငန်းများနှင့် ဆက်နွယ်ပတ်သက်နေသည့် လုပ်ငန်းရှင်များ၊ အလုပ်သမားများ၊ ဈေးရောင်းသူများတွင် အကြွေးစနစ်လည်ပတ်မှု မြင့်မားနေခြင်း၊ လုပ်ငန်းခွင်နှင့်ပတ်သက်သည့် အခြေအနေအတိအကျမရှိခြင်း၊ ပုံစံမမှန်သည့် လုပ်ငန်းလည်ပတ်မှုဖြင့် လည်ပတ်နေရခြင်းကြောင့် ပြဿနာပေါင်းများစွာကို နေ့စဉ်ဖြေရှင်းနေကြရကြောင်း တစ်ရှူးငှက်ပျောခင်းအနီးရှိ ကျေးရွာလူကြီးများက ပြောကြားသည်။

ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းသည် မြစ်ကြီးနားမြို့နှင့် ၈၅ မိုင်ကွာဝေးပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပေါက်ဆန်း ခရိုင် ထိန်ချုံးမြို့နယ်နှင့်ထိစပ်နေပြီး ထိန်ချုံးမြို့နှင့် ၅၁ မိုင်ကွာဝေးကြောင်းသိရသည်။ လွယ်ဂျယ်နယ်စပ်ဂိတ်မှာ ဗန်းမော်မြို့မှ ၅၆ မိုင် ၄ ဖာလုံအကွာတွင်ရှိပြီး တရုတ်နိုင်ငံ၊ လုံချွမ်ခရိုင်၊ ကျန်းဖုန်းမြို့နယ်၊ လိုင်းရင်းကျေးရွာနှင့်ထိစပ်နေသည့်

နယ်စပ် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကချင်ပြည်နယ်သို့တရားဝင် အဓိက ဆက်သွယ်သည့် ဝင်ပေါက်မှာ ကန်ပိုင်တည်ဝင်ပေါက်နှင့် လွယ်ဂျယ်ဝင်ပေါက် ၊ ပန်ဝါဝင် ပေါက်တို့ကို အသုံးပြုနေသည်။
ယင်းအပြင် လိုက်ဇာ၊ မန်ဝိန်းကြီး ဝင် ပေါက်များကိုလည်း အသုံးပြုနေကြသည်။

**Source:** https://news-eleven.com/article/224515?fbclid=IwAR0-WK8as7eellk0Eeeoc61P4eRDtEpCzeir-NTkDEf2ZxyVDC_GOtlKXXE

## အိန္ဒိယနိုင်ငံက ၂၀၂၁-၂၀၂၂ ခုနှစ်ကာလအတွက် ပို့ကုန်ကဏ္ဍမှ ဒေါ်လာ ၆၅၀ ဘီလျံရရှိရန် ရည်မှန်းထား


အိန္ဒိယအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ပို့ကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၆၅၀ ဘီလျံရရှိရန် ရည်မှန်းထားကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ပီယွတ်ဂိုယယ်က ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားထားသည်။ အဆိုပါ ပမာဏအနက် စက်မှုထုတ်ကုန်ပစ္စည်းကဏ္ဍမှ ဒေါ်လာ ၄၀၀ ဘီလျံနှင့် ကျန်ရှိသည့်ဒေါ်လာ ဘီလျံ ၂၅၀ ကို ဝန်ဆောင်မှုများအား တင်ပို့သည့် ကဏ္ဍမှ ရရှိရန်သတ်မှတ်ထားသည်။


ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကောင်စီများ (EPCs) ၏ ပြန်လည်သုံးသပ်ရေးအစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရာတွင် ဂိုယယ်က ယခုဘဏ္ဍာနှစ်အတွင်း ပို့ကုန်ကဏ္ဍမှ ဒေါ်လာ ၆၅၀ ဘီလျံ ရရှိနိုင်ကြောင်းပြောကြားသည်။ ယခုဘဏ္ဍာနှစ်၏ ပထမ ၉ လပိုင်းတွင် စက်မှုထုတ်ကုန်ပစ္စည်းကဏ္ဍမှ ဒေါ်လာ ၃၀၀ ဘီလျံရရှိခဲ့ကြောင်းလည်း ၎င်းကမှတ်ချက်ပြုခဲ့သည်။ “Omicron ဗိုင်းရပ်စ်အပေါ် စိုးရိမ်မှု မြင့်တက်နေသော်လည်း ဒီဇင်ဘာတစ်လအတွင်းမှာပင် ကုန်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၃၇ ဘီလျံ ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ဇန်နဝါရီ ၁၅ ရက်အထိ ဒေါ်လာ ၁၆ ဘီလျံ ရရှိထားပါတယ်” ဟု ၎င်းကပြောကြားသည်။

နိုင်ငံတော်၏ အကောင်အထည်ဖော်ရေးလမ်းကြောင်းမှတစ်ဆင့် စီးပွားရေးလုပ်ဆောင်ရ လွယ်ကူစေရန် အစိုးရ၏ အစီအစဉ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား ဝန်ကြီးကတိုက်တွန်းခဲ့သည်။ စက်မှုကဏ္ဍမှ ကိုယ်စားလှယ်များက လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများအတွင်း ၎င်းတို့၏တောင်းဆိုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း ဝန်ကြီးကမှာကြားခဲ့သည်။

**Source:** https://www.mizzimaburmese.com/article/97449?fbclid=IwAR1sLr7YintsFihwckeAEKWeXsgLdN5puk-r-ntlbbJ62ABSBswOE4ILASo

## ၂၀၂၁ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှု ၁၇ ရာခိုင်နှုန်းတိုးတက်ခဲ့ခြင်း




ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုသည် ဒီဇင်ဘာလတွင်နှစ်အလိုက်၌ (၂၄.၂%)တိုးတက်ခဲ့ပြီး မျှော်မှန်းချက် များ ကို ကျော်လွန်ကာ ၂၀၂၁ ခုနှစ်အတွက် ပို့ကုန်တိုးတက်မှု(၁၇%)ရရှိခဲ့ကြောင်းနှင့် ၎င်းမှာ(၁၁)နှစ်တာကာလအတွင်း အမြင့်မားဆုံးတိုးတက်မှုဖြစ်ကြောင်းသိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးမစ္စတာဂျူရင်က ဒီဇင်ဘာလတွင် အကောက်ခွန်ရှင်းလင်းပြီး ပို့ကုန်တင်ပို့မှုမှာအမေရိကန်ဒေါ်လာ(၂၄.၉)ဘီလီယံ(ထိုင်းဘတ်ငွေ၈၁၁ဘီလီယံ)ရရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၃၃.၄%)တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၅.၃)ဘီလီယံရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ(၃၅၄)သန်းရှိခဲ့ကြောင်း (၂၁-၁-၂၀၂၂)ရက်နေ့တွင်ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တစ်နှစ်ပတ်လုံးအတွက် ထိုင်းပို့ကုန်တင်ပို့မှု(၁၇.၁%)တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၂၇၁)ဘီလီယံရရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၁၉.၈%)တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၂၆၈)ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ(၃.၅၇) ဘီလီယံရရှိခဲ့ကြောင်း သိရှိရပါသည်။

ရွှေ၊ရေနံနှင့်ဆက်စပ်ပစ္စည်းများ၊ လက်နက်တို့မပါဝင်ဘဲပို့ကုန်များအနေဖြင့် ဒီဇင်ဘာလတွင် (၂၃%)တိုးတက်ခဲ့ကြောင်း၊ နိုဝင်ဘာလတွင်ပို့ကုန်တိုးတက်မှု (၁၈.၉%)ရှိခဲ့ကြောင်း သိရှိရပါသည်။

ဒီဇင်ဘာလ၌ တိုးတက်တင်ပို့နိုင်ခဲ့သည့်ပို့ကုန်များတွင် လယ်ယာထွက်ကုန်နှင့်အစား အစာထုတ်ကုန်များ၊ အိမ်မှနေရင်း အလုပ်လုပ်သည့်ပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂနှင့် အစိတ်အပိုင်းများ၊ ကွန်ပျူတာနှင့်အစိတ်အပိုင်းများ၊ ရေဒီယိုများနှင့် တယ်လီဗေးရှင်းဖမ်းစက်များ၊မိုက်ခရိုဝေ့ မီးဖိုများ၊ ရေခဲသေတ္တာနှင့်အစိတ်အပိုင်းများ၊ လေအေးပေးစက်များနှင့် အစိတ်အပိုင်းများ၊ တယ်လီဖုန်းနှင့်အစိတ်အပိုင်းများ၊ ဆေးဝါးနှင့်ဆေးဝါပစ္စည်းများစသည်တို့ဖြစ်ကြပါသည်။

အခြားတိုးတက်တင်ပို့နိုင်သောပို့ကုန်များတွင် အလယ်အလတ်ထုတ်ကုန်ပစ္စည်းများ၊ သံမဏိ၊ စတီးနှင့်သတ္တုထုတ်ကုန်များ၊ ဓါတုဗေဒထုတ်ကုန်များ၊ ပလပ်စတစ်ကော်စေ့များ၊ ရော်ဘာတာယာများ၊ အီလက်ထရောနစ် ဆားကစ်များ၊ စက်ကရိယာများနှင့်အစိတ်အပိုင်းများ၊ အလားတူ မော်တော်ကားများနှင့်အစိတ်အပိုင်းများ၊ ရွှေမပါဝင်သည့် ကျောက်မျက်နှင့် လက်ဝတ်ရတနာများ ဖြစ်ကြပါသည်။

ယခင်လက လယ်ယာနှင့် စက်မှုလယ်ယာထုတ်ကုန်များ တင်ပို့မှုအနေဖြင့်(၁၃)လ မြောက်ဆက်တိုက် တိုးတက်မှုအဖြစ် (၂၂.၄%)တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၃.၉၄)ဘီလီယံရှိခဲ့ကြောင်း၊ တင်ပို့မှုတိုးတက်ခဲ့သည့်ထုတ်ကုန်များတွင် ရော်ဘာ (၂၂.၇%)၊ ပီလောပီနံ(၄၈.၁%)၊ ဆန် (၂၄.၉%)၊ လတ်ဆပ်၊ အေးခဲနှင့် အခြောက်ခံထားသော သစ်သီးများ(၂၃.၇%)၊ သကြား (၁၂၄%)၊ လတ်ဆပ်၊ အေးခဲနှင့်ပြုပြင်ထားသောကြက်သား(၁၇.၆%)၊ တိရစ္ဆာန်အစာ(၃၅.၄%)၊ ဂျုံဖြင့်ပြုလုပ်ထားသော အစား အစာ(၁၈.၅%)၊စည်သွပ်ထားသော သစ်သီးဝလံ(၂၅.၈%)၊တိရစ္ဆာန်(သို့မဟုတ်) ဟင်းသီးဟင်းရွက်ဆီ(၁၇၀%)တို့ဖြင့် အသီးသီး တိုးတက်ခဲ့ကြပါသည်။

ဒီဇင်ဘာလတွင်စက်မှုထုတ်ကုန်တင်ပို့မှုအနေဖြင့်(၁၀)လမြောက်အဖြစ်ဆက်လက်တိုးတက်ခဲ့ပြီး(၂၄%)တိုးတက်ခဲ့ကာ အမေရိကန်ဒေါ်လာ(၂၀.၁)ဘီလီယံရရှိခဲ့ပါသည်။ တိုးတက်တင်ပို့နိုင်ခဲ့သော ထုတ်ကုန်များတွင် မော်တော်ကားများ၊ မော်တော်ကားပစ္စည်းနှင့်အစိတ်အပိုင်းများ (၄၅.၀%)၊ရေနံနှင့် ဆက်စပ်လျှက်ရှိသောထုတ်ကုန်များ(၃၄.၀%)၊ ကွန်ပျူတာနှင့်အစိတ်အပိုင်းများ (၂၈.၆%)၊ အီလက်ထရောနစ်ဆားကစ်များ(၁၁.၅%)၊ သံမဏိစတီးနှင့်စတီးထုတ်ကုန်များ (၂၈.၄%) ၊ ရွှေမပါဝင်သော ကျောက်မျက်နှင့်လက်ဝတ်ရတနာများ(၂၉.၃%)၊ လေအေးပေးစက်များနှင့်အစိတ်အပိုင်းများ(၂၅.၈%)တို့ဖြစ်ကြပါသည်။

ကိုဗစ်-၁၉ဖြစ်ပွားနေစဉ်အတွင်းယင်းကဲ့သို့ပို့ကုန်များအားပြင်းထန်စွာ တိုးတက်တင်ပို့နိုင်ခြင်းမှာ အားလပ်ရက်မတိုင်မီ နိုင်ငံအများအပြားတို့တွင် သိုလှောင်ထားရန် တင်သွင်းမှုကို အရှိန်မြင့်တင်ခြင်းကြောင့်ဟု ယူဆနိုင်ကြောင်း၊ တစ်ချိန်တည်းမှာပင် ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာမှုနှင့်အညီ ပြည်ပဝယ်လိုအားနှင့် ကမ္ဘာ့ကုန်သွယ်မှုတိုးတက်လာခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့အပြင်ဘတ်ငွေတန်ဖိုးကျဆင်းမှုနှင့်ရေနံဈေးနှုန်းမြင့်တက်မှုတို့ကယှဉ်ပြိုင်စွမ်းအားကို တိုးတက်စေကြောင်းနှင့် ဆက်စပ်ပို့ကုန်များ၏ တန်ဖိုးကိုတိုးမြင့်စေကြောင်း သိရှိရပါသည်။

ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွက် ပြည်ပတင်ပို့မှု တိုးတက်မှု(၃% - ၄%)ရရှိကာ အမေရိကန်ဒေါ်လာ(၂၇၀ - ၂၈၂) ဘီလီယံ၊ ဘတ်ငွေအားဖြင့် (၉.၀၈ - ၉.၁၆) ထရီလီယံရရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ပို့ကုန်တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အချက်များတွင် ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှင့် သွင်းကုန်တိုးချဲ့တင်သွင်းမှု၊ ယခုနှစ် ပထမနှစ်ဝက်တွင် ဘတ်ငွေတန်ဖိုးကျဆင်းနိုင်မှု၊ ဝယ်လိုအားပြန်လည်ကောင်းမွန်လာခြင်းကြောင့် စားသောက်ကုန်နှင့် ကုန်ထုတ်လုပ်သည့် ကုန်ကြမ်းပစ္စည်းများ၏ ဈေးနှုန်းများမြင့်တက်လာမှု၊ ၂၀၂၂ ခုနှစ် နှစ်လည်တွင် ကွန်တိန်နာများနှင့်

သဘော်များ တိုးတက်လာနိုင်မှု၊ ကိုဗစ်-၁၉ရောဂါလက္ခဏာများ နည်းပါးသွားနိုင်မှုတို့ပါဝင်ကြောင်း သိရှိရပါသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## တရုတ်နိုင်ငံ၌ တောင်ကိုရီးယားနိုင်ငံ၏ အလှကုန်များအပေါ် စိတ်ဝင်စားရေပန်းစားမှု လျော့နည်းလာသဖြင့် တောင်ကိုရီးယား အလှကုန်ကုမ္ပဏီများ ဈေးကွက်သစ်များရှာဖွေရန် ကြိုးပမ်းနေမှု



Courtesy: LG H&H

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းအလှကုန်လုပ်ငန်းနှစ်ခုဖြစ်သည့် LG Household & Health Care (LG H&H) နှင့် AmorePacific ကုမ္ပဏီတို့သည် တရုတ်နိုင်ငံတွင် ရောင်းအားကျဆင်းလာခြင်းနှင့် ရှည်လျားသည့် ကိုဗစ်-၁၉ ကာလအခြေအနေအရ Duty Free Shop များ၌ ရောင်းချရမှုကျဆင်းခြင်းတို့ကြောင့် ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်အတွင်း ဝင်ငွေလျော့ကျခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။

LG H&H ၏ စတော့ရှယ်ယာဈေးသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၁၀) ရက်နေ့တွင် (၁၃) ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ထို့အတူ AmorePacific ၏ ရှယ်ယာဈေးနှုန်းမှာလည်း (၅.၃) ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ NH Investment & Securities၊ Meritz Securities နှင့် Yuanta Securities Korea အပါအဝင် ပြည်တွင်းငွေချေးလုပ်ငန်းမှ ဝင်ငွေအလားအလာများကို အဆင့်နှိမ့်ချပြီးနောက် ရှယ်ယာဈေးနှုန်းများ ကျဆင်းသွားခြင်းသည် ရင်းနှီးမြှုပ်နှံသူများ၏ ခံစားချက်ကိုထိခိုက်စေကြောင်း၊ တရုတ်နိုင်ငံမှ ကုန်သည်ငယ်များသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တောင်ကိုရီးယား အလှကုန်ထုတ်ကုန်များကို အလွန်အမင်း လျှော့ဈေးများတောင်းခဲ့ကြရာ LG H&H ကုမ္ပဏီအနေဖြင့် ၎င်း၏အမှတ်တံဆိပ် ပုံရိပ်သိက္ခာကို ထိန်းသိမ်းရန်အတွက် ၎င်းတို့၏တောင်းဆိုမှုကို ဖြည့်ဆည်းရန်ငြင်းဆိုခဲ့သည်ဟု Yuanta Securities မှ လေ့လာသူ Park Eun-jung ၏ ပြောကြားမှုအရ သိရှိရပါသည်။

Yuanta Securities ၏ သုံးသပ်မှုအရ AmorePacific အလှကုန် ကုမ္ပဏီအနေဖြင့်လည်း ပြည်တွင်း၌ရောင်းချရမှု ကောင်းမွန်တိုးတက်လျက်ရှိသော်လည်း ပြည်ပ၌ရောင်းချမှုတွင် ကျဆင်းလျက်ရှိကြောင်း၊ တောင်ကိုးရီးယားအလှကုန်ထုတ်ကုန်များ၏ လူကြိုက်များမှုမှာ ပြည်တွင်းကုမ္ပဏီများအတွက် အကြီးမားဆုံးသော ပြည်ပဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံတွင်ကျဆင်းလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် တရုတ်၏အွန်လိုင်းဈေးကွက်အတွင်း ပြိုင်ဆိုင်မှုပြင်းထန်လာချိန်တွင် "မျိုးချစ်စိတ်ဖြင့် ဈေးကွက်ရှာဖွေကြခြင်း" ကြောင့် တရုတ်အလှကုန်ကုမ္ပဏီများသည် လျင်မြန်စွာဈေးကွက်ယှဉ်ပြိုင်နိုင်၍ ဈေးကွက်နေရာရလာကြကြောင်း၊ သို့ဖြစ်၍ တောင်ကိုရီးယား အလှကုန်ကုမ္ပဏီများအနေဖြင့် ဈေးကွက်ချဲ့ထွင်မှု ဗျူဟာအသစ် (သို့မဟုတ်) တရုတ်နိုင်ငံပြင်ပ အခြားသောနိုင်ငံများသို့ ဈေးကွက်သစ်များကို ချဲ့ထွင်ရှာဖွေကြရမည့်အချိန်ပင်ဖြစ်ကြောင်း အလှကုန်လုပ်ငန်းဆိုင်ရာ သတင်းအရင်းအမြစ်တစ်ခုမှ သုံးသပ်ပြောကြားခဲ့သည်။

ထိုသို့ အလှကုန်နည်းတူ လယ်ယာထွက်ကုန်အပါအဝင် အခြားသောကုန်စည်များ တင်ပို့/တင်သွင်းကုန်သွယ်မှု လုပ်ငန်းများတွင်လည်း တောင်ကိုရီးယားနိုင်ငံသည် တရုတ်နိုင်ငံ၏လွှမ်းမိုးမှုကို တန်ပြန်တွန်းလှန်လိုသည့်အတွက် အာဆီယံနိုင်ငံများအပါအဝင် အခြားသောနိုင်ငံများသို့ သက်ဆိုင်ရာကဏ္ဍအလိုက် ဈေးကွက်သစ်များသို့ ကမ်းလှမ်းချဲ့ထွင်လျက်ရှိကြသည်ကို လေ့လာတွေ့ရှိရပါသည်။ သို့ပါ၍ မိမိတို့မြန်မာနိုင်ငံမှကုန်သည် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဈေးကွက်မိတ်ဖက်ရှာဖွေ၍ ဈေးကွက်လက်ဦးမှုရရှိနိုင်ရေးအလို့ငှာ တင်ပြလိုက်ရပါသည်။

**Source: The Korea Times (12-1-2022)**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## တောင်အာဖရိကနိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွင်း ကားအသစ်ရောင်းချရမှုမြင့်တက်ခဲ့သော်လည်း ကိုဗစ်ရောဂါမဖြစ်ပွားခင်အဆင့်သို့ရောက်ရှိရန် ဝေးကွာနေသေးခြင်း

တောင်အာဖရိကနိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း ကားအသစ် ၄၆၂,၁၂၂ စီးရောင်းချခဲ့ရကြောင်း၊ အဆိုပါရောင်းချရမှုသည် ၂၀၂၀ပြည့်နှစ် ကိုဗစ်ရောဂါဖြစ်ပွားစဉ် ရောင်းချရမှုထက် ၂၂ ရာခိုင်နှုန်းပိုမိုရောင်းချရခြင်းဖြစ်ကြောင်း၊ လူစီးယာဉ်နှင့်ကုန်တင်ကားရောင်းချမှုသည် ကိုဗစ်ရောဂါမဖြစ်ပွားခင်အဆင့်အထိရောင်းချနိုင်သော်လည်း အခြားအမျိုးအစားကားများ ရောင်းချရမှုသည် ၂၀၂၀ ပြည့်နှစ် ရောင်းချရမှုထက်လျော့နည်းနေသေးကြောင်း၊ လူစီးကားများသည် ၂၀၁၉ ခုနှစ်တွင် ၃၅၃,၃၇၉ စီးရောင်းချခဲ့ရသော်လည်း ၂၀၂၁ ခုနှစ်တွင် ၃၀၃,၉၆၁ စီးသာ ရောင်းချနိုင်ခဲ့ကြောင်း သိရှိရပါသည်။

တောင်အာဖရိကနိုင်ငံအမျိုးသားကားထုတ်လုပ်သူများအသင်းက ထုတ်ပြန်ရာတွင် ယခင်နှစ်အတွင်း ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်အခက်အခဲများရှိသည့်အပြင် ပြည်တွင်းတွင် လျှပ်စစ်ဓါတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခြင်း၊ ကုန်စည်ထောက်ပံ့ပို့ဆောင်မှုဝန်ဆောင်ခများမြင့်တက်ခြင်း၊ ဇူလိုင်လအတွင်းအကြမ်းဖက်ဆန္ဒပြမှုများဖြစ်ပေါ်ခြင်း၊ ပို့ဆောင်မှုဆက်သွယ်ရေးကွန်ယက်တိုက်ခိုက်ခံရခြင်း၊ သံမဏိနှင့်အင်ဂျင်နီယာကဏ္ဍတွင် ၃ ပတ်ကြာဆန္ဒပြမှုများဖြစ်ပေါ်ခြင်း၊ Lockdown ကန့်သတ်ချက်အသစ်များချမှတ်ခြင်း၊ စက်သုံးဆီဈေးနှုန်းမှတ်တမ်းတင်မြင့်တက်ခြင်းနှင့် ၃ နှစ်အတွင်း ဘဏ်အတိုးနှုန်းမြင့်တက်လာခြင်းစသည့် အခြားပြည်တွင်းစိန်ခေါ်မှုများသည် ကားထုတ်လုပ်မှုကိုများစွာထိခိုက်မှုမရှိဘဲ ယခုကဲ့သို့ကားများရောင်းချနိုင်မှုသည် ကားလုပ်ငန်းအတွက် ကျေနပ်စရာကောင်းနေသေးကြောင်းဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံသည် ပြည်ပသို့ ကားအစီးရေ ၂၉၅,၂၆၈ စီးတင် ပို့ရောင်းချနိုင်ခဲ့ပြီး ယခင်နှစ်ထက် ၉ ရာခိုင်နှုန်းတိုးမြင့်ရောင်းချနိုင်ခဲ့ကြောင်း၊ သို့သော် ၂၀၁၉ ခုနှစ်တင်ပို့နိုင်မှုထက် ၂၄ ရာခိုင်နှုန်းလျော့နည်းနေသေးကြောင်း၊ တင်ပို့ရောင်းချရမှုများတွင် Toyota အမှတ်တံဆိပ်သည်အရောင်းရဆုံးဖြစ်ပြီး ဒုတိယရောင်းချရမှုသည် Ford အမှတ်တံဆိပ်ကားများဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်းကားနှင့်ကားပစ္စည်းတင်ပို့ရောင်းချမှုသည် မှတ်တမ်းတင်ရန် ၁၇၅.၇ ဘီလီယံအထိရရှိခဲ့ကြောင်း၊ ထိုသို့တင်ပို့နိုင်မှုသည် တောင်အာဖရိကနိုင်ငံ စုစုပေါင်းပြည်ပတင်ပို့မှုတန်ဖိုး၏ ၁၄ ရာခိုင်နှုန်းရရှိခဲ့သည့်အပြင် တောင်အာဖရိကနိုင်ငံကုန်ထုတ်လုပ်မှု၏ ထုတ်လုပ်မှုအဆင့် ၅ အဖြစ်သတ်မှတ်နိုင်သည့် လုပ်ငန်းကဏ္ဍဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

**Source:** https://www.news24.com/fin24/economy/south-africa/new-car-sales-Jumped-in-2021-but-still-far-off- pre -pandemic-levels-20220110

**ကျော်ဆန်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တောင်အာဖရိက)**

## STOCK EXCHANGE (25.1.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Jan. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,100 | 232 | 1,901,400 | 33,109,694 | 271,499 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,100 | 802 | 2,505,000 | 38,929,150 | 122,627 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 0 | 0 | 2,472,053 | 49,441 |
| TMH | 00005 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 210 | 556,500 | 12,823,224 | 33,982 |
| EFR | 00006 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 19,977,223 | 58,933 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |

## Market summary

As of 25th Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.60 | -2.27 | -0.58% | 389.87 | 389.87 | 384.94 | 1,244 | 4,962,900 | 7 | 674,268 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 25th Jan. 2022

| MYANPIX | 387.60 ▼ 2.27 |
|---|---|
| Total Volume (shares) | 1,244 |
| Total Value (MMK) | 5 mil |
| Listed Company | 7 |
| Market Cap. (MMK) | 674,268 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,650 | ▼ 50 |
| EFR | 00006 | 2,950 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 0 |